# ၁၉၅၉ ခုနှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ (ရုပ်သိမ်းခြင်း) အက်ဥပဒေ။[၁]

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၄။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံ အဖွဲ့ (ရုပ်သိမ်းခြင်း) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်[၂] တွင် စတင်အာဏာတည်ရမည်။

၂။ ။ ၁၉၅၀ ပြည့်နှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ အက်ဥပဒေကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

*၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်၊ စာမျက်နှာ - ၁၈၉၈။*

*၂။ ဤအက်ဥပဒေသည်၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် စတင်အာဏာတည်သည်။ (စက်မှုလက်မှုဝန်ကြီးဌာန၊ စက်မှုလက်မှုဌာနခွဲ၏ ၃၀-၁၀-၅၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၇။) (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်၊ စာမျက်နှာ - ၂၁၇၉။)*